# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ပဥ္စမနေ့အစီအစဉ်

## [ ၁၀-၇-၂၀၁၂ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ်မဲဆန္ဒနယ်၏ **ဖုန်းလိုင်းများ ပြတ်တောက်မှု မရှိစေရေးအတွက် စက်ပစ္စည်းအသစ် တပ်ဆင်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **တုံတာမြို့နယ်ခွဲ အတွင်း မိုဘိုင်းဖုန်းများ တပ်ဆင်ပြောဆိုနိုင်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရန်ကုန်-နေပြည်တော် အသွားအပြန်လမ်း ယာဉ်တိမ်းမှောက် တိုက်ခိုက်မှု တိုးမြင့်ဖြစ်ပွားလာသဖြင့် ပြုပြင်ဆောင်ရွက်ပေးရန်**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်တွင် အန္တရာယ်ကင်းရှင်းရေး နှစ်လမ်းမောင်းစနစ်ဖြစ်အောင် ပြုပြင်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဆားမူ၊ လဟယ် မဲဆန္ဒနယ်၏ **ဆင်သေ–လဟယ် မော်တော်ကားလမ်း ၅၆ မိုင်အား ဆောင်ရွက်ပေးနိုင်ပါရန်**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးမြင့်လှိုင်၊ မဘိမ်း မဲဆန္ဒနယ်၏ **မဘိမ်းမြို့နယ် ၂၅ ကုတင်ဆံ့ ဆေးရုံအကြီးစားပြင်ဆင်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **ကြည့်မြင်တိုင် တစ်ဖက်ကမ်း ကျေးရွာများတွင် တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန်နှင့် ဆရာဝန်များ အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ သူရဦးအေးမြင့်၊ ဝက်လက် မဲဆန္ဒနယ်က **"နိုင်ငံတော်တွင် အားကစား တက္ကသိုလ် တစ်ခု ဖွင့်လှစ်သင်ကြားပေးရေး "** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်က **"ဆင်းရဲခြင်းလျှော့ချရေးအတွက် ဈေးကွက်၏ လုပ်သားဝယ်လိုအားတွင် လုပ်သားများကို များများ မြန်မြန် အလုပ်အကိုင်သင်တန်းတိုများ ဖွင့်လှစ်ခေါ်ယူဖြည့်တင်းပေးရေး"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ဦးသိန်းညွန့်၊ သဃၤန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် က **“ ၁၈၅၀ ခုနှစ်၊ တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ(အိန္ဒိယ အက်ဥပဒေအမှတ်–၁၈)ကို ရုပ်သိမ်းသည့် ဥပဒေ ”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၁။ **“ ၁၈၅၀ ခုနှစ်၊ တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ(အိန္ဒိယ အက်ဥပဒေအမှတ်–၁၈)ကို ရုပ်သိမ်းသည့် ဥပဒေ ”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၂။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၃။ ဦးသိန်းညွန့်၊ သဃၤန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် က **“ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း နှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၄။ **“ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၅။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တင်သွင်းသော **“ ၂၀၁၂ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။